# M&AOSB ၏ သုံးလပတ်ကာလအတွင်း ဆောင်ရွက်ပြီးစီးခဲ့သော CSR လုပ်ငန်းအစီအစဉ်များ

## စွမ်းရည်မြှင့်တင်ခြင်း (Community Capacity Building)

- M&AOSB စီမံကိန်းနယ်မြေရုံးဝင်း၌ “သုတပင်လယ်” အမည်ဖြင့် စာကြည့်တိုက်ဖွင့်လှစ်ထားရှိပြီး စာအုပ်များငှားရမ်းပေးခြင်း။
- “သုတပင်လယ်” စာကြည့်တိုက်၌ ပုံပြင်ပြောခြင်းနှင့် ဖန်တီးလေ့လာခြင်းအစီအစဉ်ကို လစဉ်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

## ဒေသခံများဦးစီးဆောင်ရွက်သော စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှု အစီအစဉ် (Community-led Waste Management Program)

- ဂေါ်ရန်ဂျီဒေသ သန့်ရှင်းသာယာရေးအတွက် တက်ကြွလှုပ်ရှားသော အမှိုက်ကောက်သူရဲကောင်းအဖွဲ့ Trash Hero Gaw Yan Gyi ၏ စုပေါင်းအမှိုက်ကောက်လှုပ်ရှားမှုများတွင် နံ့သာပုကျေးရွာလူထုနှင့်အတူ ပူးပေါင်းပံ့ပိုးခြင်း။
- ကျေးရွာလူထုစီမံခန့်ခွဲသော ဆွေးမြေ့မြေဩဇာစမ်းသပ်စီမံကိန်း အစီအစဉ်ကို နံ့သာပုကျေးရွာလူထုနှင့် မိတ်ဆက်ခြင်း။

## CSR လုပ်ငန်းဆောင်ရွက်ချက်များ အစီရင်ခံတင်ပြခြင်း (Communicating CSR)

- ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလမှ ဒီဇင်ဘာလအထိ ဆောင်ရွက်ပြီးစီးခဲ့သော M&AOSB ကုမ္ပဏီ၏ CSR လုပ်ငန်းဆောင်ရွက်ချက်များကို ဂရုတ်ကောင်းမြို့၊ ကြွေချိုင်ကျေးရွာအုပ်စု၊ နံ့သာပုကျေးရွာအုပ်စုနှင့် စီမံကိန်းနယ်မြေရုံးဝင်းရှိ ကြော်ငြာသင်ပုန်းများ၌ အသိပေးဖော်ပြခြင်း။
- ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလမှ ဒီဇင်ဘာလအထိ ဆောင်ရွက်ပြီးစီးခဲ့သော M&AOSB ကုမ္ပဏီ၏ CSR လုပ်ငန်းဆောင်ရွက်ချက်များ စုစည်းတင်ပြထားသည့် လက်ကမ်းစာစောင်များကို ဂရုတ်ကောင်းမြို့၊ ကြွေချိုင်ကျေးရွာအုပ်စုနှင့် နံ့သာပုကျေးရွာအုပ်စုရှိ ရပ်မိရပ်ဖများထံ ဖြန့်ဝေခြင်း။
- CSR လုပ်ငန်းဆောင်ရွက်ချက်များအပါအဝင် စီမံကိန်းနှင့်ဆက်နွှယ်သော လုပ်ငန်းတိုးတက်မှုအခြေအနေများကို ကုမ္ပဏီ၏ဆက်သွယ်ပြန်ကြားရေးစာမျက်နှာများတွင် အချိန်နှင့်တစ်ပြေးညီ အစီရင်ခံတင်ပြခြင်း။

## သက်ဆိုင်ရာလူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံခြင်း၊ အသိပေးတင်ပြခြင်း (Stakeholder Engagement)


- တွေ့ဆုံဆွေးနွေးမှုအကြိမ်ပေါင်း – (၄၁) ကြိမ်
- တွေ့ဆုံဆွေးနွေးခဲ့သူပေါင်း – (၄၇) ဦး
- တွေ့ဆုံဆွေးနွေးမှုကြာချိန်ပေါင်း – (၅၃) နာရီ

## အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ် (Operational Grievance Mechanism – OGM)

- ၂၀၁၇ ခုနှစ်မှ ယနေ့အထိပေးပို့လာသော အကြံပြုစာပေါင်း – (၇) စောင်။
- အကြံပြုချက်များအရ ဖြေရှင်းဆောင်ရွက်ပေးမှုအပေါ် ရာနှုန်းပြည့် ကျေနပ်လက်ခံခြင်း။

# M&AOSB ၏ သုံးလပတ်ကာလအတွင်း ဆောင်ရွက်ပြီးစီးခဲ့သော CSR လုပ်ငန်းအစီအစဉ်များ

M&AOSB စီမံကိန်းနယ်မြေဒေသရှိ ဒေသခံများတွင် အသိပညာဗဟုသုတများ ပိုမိုတိုးများစေရန်အတွက် “သုတပင်လယ်” အမည်ရှိ စာကြည့်တိုက်ကို စီမံကိန်းနယ်မြေရုံးဝင်း၌ ကုမ္ပဏီ၏ CSR အစီအစဉ်ဖြင့် ဖွင့်လှစ်လျက်ရှိရာ စာကြည့်တိုက် စတင်ဖွင့်လှစ်သည့် ၂၀၂၄ ခုနှစ်၊ မတ်လမှ ၂၀၂၆ ခုနှစ်၊ မတ်လအထိ စာကြည့်တိုက်တွင် အသင်းဝင်ဦးရေ (၉၃) ဦးရှိပြီး စာအုပ်ငှားရမ်းမှုအကြိမ်ရေ (၄၄၉) ကြိမ် ရှိခဲ့ပါသည်။ သုတပင်လယ်စာကြည့်တိုက်တွင် စာအုပ်ပေါင်း (၄၇၂) အုပ်ရှိပြီး တနင်္လာနေ့မှ သောကြာနေ့အတွင်း နေ့လယ် (၂:၀၀) နာရီမှ ညနေ (၄:၃၀) နာရီအထိ စာအုပ်များငှားရမ်းနိုင်ကြောင်း ကြေညာထားပါသည်။ ထို့ပြင် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှစ၍ သုတပင်လယ်စာကြည့်တိုက်အသင်းဝင်များအနေဖြင့် ၎င်းတို့ ဖတ်ရှုလိုသော စာအုပ်စာစောင်များကို တင်ပြတောင်းဆိုနိုင်သည့် စာအုပ်စာစောင် တောင်းဆိုမှုအစီအစဉ်ကိုလည်း မိတ်ဆက်ခဲ့ပါသည်။ စာကြည့်တိုက်အသင်းဝင်များ တောင်းဆိုထားသော စာအုပ်များကို M&AOSB ၏ CSR အစီအစဉ်ဖြင့် ဝယ်ယူ၍ သုတပင်လယ်စာကြည့်တိုက်တွင် ထားရှိပေးခဲ့ပါသည်။











# M&AOSB ၏ သုံးလပတ်ကာလအတွင်း ဆောင်ရွက်ပြီးစီးခဲ့သော CSR လုပ်ငန်းအစီအစဉ်များ

M&AOSB ကုမ္ပဏီ၏ CSR အစီအစဉ်သည် ဒေသခံများ စွမ်းရည်မြှင့်တင်ခြင်း အစီအစဉ်တစ်စိတ်တစ်ပိုင်းအနေဖြင့် သုတပင်လယ်စာကြည့်တိုက်တွင် အသိပညာမျှဝေခြင်းနှင့် ဖန်တီးလေ့လာခြင်း လစဉ်အစီအစဉ်ကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ (၂၆) ရက်နေ့၊ ဖေဖော်ဝါရီလ (၀၈) ရက်နေ့နှင့် မတ်လ (၂၆) ရက်နေ့တို့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ ဤအစီအစဉ်သည် M&AOSB စီမံကိန်းနယ်မြေဝန်းကျင်ရှိ ကလေးများအတွက် အသိပညာတိုးပွားစေရန်၊ စိတ်ကူးစိတ်သန်းများ တိုးတက်ကောင်းမွန်စေရန်နှင့် ဆန်းသစ်တီထွင်လိုစိတ်ကိုအားပေးရန် ရည်ရွယ်ပါသည်။

















M&AOSB
Myint & Associates Offshore Supply Base

# M&AOSB ၏ သုံးလပတ်ကာလအတွင်း ဆောင်ရွက်ပြီးစီးခဲ့သော CSR လုပ်ငန်းအစီအစဉ်များ

M&AOSB ၏ CSR အစီအစဉ်သည် ဂေါ်ရန်ဂျီပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် တက်ကြွလှုပ်ရှားသော Trash Hero Gaw Yan Gyi အမှိုက်ကောက်သူရဲကောင်းအဖွဲ့၏ စုပေါင်းအမှိုက်ကောက်လှုပ်ရှားမှုများတွင် နံ့သာပုကျေးရွာလူထုနှင့် ပူးပေါင်း၍ လိုအပ်သည့် ကူညီမှုများ ပံ့ပိုးခဲ့ပါသည်။ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလမှ မတ်လအထိ Trash Hero Gaw Yan Gyi အမှိုက်ကောက်သူရဲကောင်းအဖွဲ့သည် ကျောက်ခြေထောက်ကမ်းခြေ၊ ပုလ္လင်ချိုင်ကမ်းခြေနှင့် မြဝတီဘုရား တောင်တို့၌ စုပေါင်းအမှိုက်ကောက်လှုပ်ရှားမှုများ ပြုလုပ်ခဲ့ရာ အဆိုပါလှုပ်ရှားမှုများတွင် အမှိုက်ကောက်သူရဲကောင်း လူကြီး (၁၅) ဦး၊ ကလေး (၈၇) ဦးနှင့် စုစုပေါင်းသူရဲကောင်း (၁၀၂) ဦး ပါဝင်အမှိုက်ကောက်ခဲ့ပြီး အမှိုက်ကီလိုပေါင်း (၁၃၅) ကီလိုကို ကောက်ယူသိမ်းဆည်းနိုင်ခဲ့ပါသည်။













# M&AOSB ၏ သုံးလပတ်ကာလအတွင်း ဆောင်ရွက်ပြီးစီးခဲ့သော CSR လုပ်ငန်းအစီအစဉ်များ

M&AOSB ၏ CSR အစီအစဉ်သည် ဒေသခံများပူးပေါင်းပါဝင်သည့် “ကျေးရွာလူထုစီမံခန့်ခွဲသော ဆွေးမြေ့မြေဩဇာ စမ်းသပ်စီမံကိန်း” (Community-Managed Compost Station Pilot Project) ကို ၂၀၂၆ ခုနှစ်၊ မတ်လတွင် နံ့သာပုကျေးရွာ၌ စတင်ခဲ့ပါသည်။ ဤစီမံကိန်း၏ အဓိကရည်ရွယ်ချက်မှာ အော်ဂဲနစ်စွန့်ပစ်ပစ္စည်းများကို ရေရှည်တည်တံ့သော နည်းလမ်းဖြင့် စီမံခန့်ခွဲနိုင်ရန်နှင့် အသိပညာပေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ လက်တွေ့ပြသခြင်းတို့မှတစ်ဆင့် အမှိုက်ခွဲခြားစွန့်ပစ်သည့် အလေ့အထကို ပျိုးထောင်ပေးရန် ဖြစ်ပါသည်။

M&AOSB ၏ CSR လုပ်ငန်းအဖွဲ့သည် Trash Hero Gaw Yan Gyi အဖွဲ့ဝင်များ၏ ကူညီပံ့ပိုးမှုဖြင့် ဆွေးမြေ့မြေဩဇာ စမ်းသပ်စီမံကိန်း ပထမအဆင့်ကို ၂၀၂၆ ခုနှစ်၊ မတ်လ (၂၆) ရက်နေ့တွင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ဤသို့ဖြင့် စီမံကိန်း၌ပါဝင်မည့် အိမ်ထောင်စုများကို ရွေးချယ်တွေ့ဆုံခြင်း၊ ဆွေးမြေ့မြေဩဇာအဖြစ် အသုံးပြုနိုင်သည့် အမှိုက်များသိမ်းဆည်းရန် အိတ်များပေးအပ်ခြင်းနှင့် မြေဩဇာပြုလုပ်နိုင်သည့် ပစ္စည်းများအကြောင်း ရှင်းပြခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ထို့ပြင် CSR လုပ်ငန်းအဖွဲ့သည် ဆွေးမြေ့မြေဩဇာပြုလုပ်ခြင်းကြောင့် ရရှိမည့် ပတ်ဝန်းကျင်နှင့် စိုက်ပျိုးရေးဆိုင်ရာ အကျိုးကျေးဇူးများကို အသိပညာပေးခဲ့ပြီး၊ အမှိုက်သိမ်းဆည်းမည့် အချိန်ဇယားနှင့် ရှေ့ဆက်ပြုလုပ်မည့် ဆွေးမြေ့မြေဩဇာပြုလုပ်နည်း လက်တွေ့သရုပ်ပြသပွဲအကြောင်းကိုလည်း နံ့သာပုကျေးရွာလူထုထံ အသိပေးအကြောင်းကြားခဲ့ပါသည်။












# M&AOSB ၏ သုံးလပတ်ကာလအတွင်း ဆောင်ရွက်ပြီးစီးခဲ့သော CSR လုပ်ငန်းအစီအစဉ်များ

၂၀၂၅ ခုနှစ်၊ အောက်တိုဘာမှ ဒီဇင်ဘာလအထိ ဆောင်ရွက်ပြီးစီးခဲ့သော M&AOSB ကုမ္ပဏီ၏ CSR လုပ်ငန်းဆောင်ရွက်ချက်များကို ဧရတ်ကောင်းမြို့၊ ကြွေချိုင်ကျေးရွာအုပ်စု၊ နံ့သာပုကျေးရွာအုပ်စုနှင့် စီမံကိန်းနယ်မြေရုံးဝင်းရှိ ကြော်ငြာသင်ပုန်းများ၌ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလအတွင်း အသိပေးဖော်ပြခဲ့ပါသည်။ ထို့ပြင် M&AOSB ၏ CSR လုပ်ငန်းဆောင်ရွက်ချက်များ စုစည်းတင်ပြထားသည့် လက်ကမ်းစာစောင်များနှင့် M&AOSB ၏ မိတ်ဖက်ကုမ္ပဏီဖြစ်သည့် MPRL E&P ကုမ္ပဏီ၏ မန်းရေနံမြေဒေသဖွံ့ဖြိုးရေး CSR လုပ်ငန်းဆောင်ရွက်ချက်များကို စုစည်းတင်ပြထားသည့် “တို့မန်းမြေ” သတင်းလွှာတို့ကိုလည်း ဧရတ်ကောင်းမြို့၊ ကြွေချိုင်ကျေးရွာအုပ်စုနှင့် နံ့သာပုကျေးရွာအုပ်စုရှိ ရပ်မိရပ်ဖများထံ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလအတွင်း ဖြန့်ဝေခဲ့ပါသည်။







